# သမ္မပ္ပဓာန် (၄) ပါး

**အကုသိုလ်၌**

၁။ ဥပ္ပန္န အကုသိုလ် = အတိတ်အကုသိုလ်၊ ပစ္စုပ္ပန်အကုသိုလ်

၂။ အနုပ္ပန္န အကုသိုလ် = အနာဂတ် အကုသိုလ်ဟူ၍ (၂)မျိုး ရှိ၏။

**ကုသိုလ်၌**

၁။ ဥပ္ပန္နကုသိုလ်

၂။ အနုပ္ပန္နကုသိုလ် ဟူ၍ (၂)မျိုး ရှိ၏။

**ယခုပစ္စုပ္ပန်ဘဝမှစ၍ ခွဲနည်း**

ယခုဘဝ၌ သီလကို မဆောက်တည်ဘူးသောပုဂ္ဂိုလ်မှာ ဥပ္ပန္နသီလသည် မရှိ။

ဆောက်တည်ဘူးသောပုဂ္ဂိုလ်မှာ သီလသည် ဥပ္ပန္န ဖြစ်၏။

အားမထုတ်ဘူးသေးသော သမာဓိ, ပညာသည် အနုပ္ပန္နဖြစ်၏။

သမာဓိအဆင့်ဆင့်, ပညာအဆင့်ဆင့်တို့၌ ရောက်ဘူး, ရဘူးသည်ကို ဥပ္ပန္န၊

မရောက်ဘူး, မရဘူးသေးသည်ကို အနုပ္ပန္န။

**အနမတဂ္ဂသံသရာမှစ၍ ခွဲနည်း**

သီလသည် လောကီသီလ, လောကုတ္တရာသီလဟူ၍ နှစ်ပါးရှိ၏။

လောကီသီလသည် အနမတဂ္ဂအတိတ်ကာလ၌ မဖြစ်ဘူးသည်ဟူ၍

မရှိသောကြောင့် ဥပ္ပန္န။

ပုထုဇဉ်ပုဂ္ဂိုလ်တို့အား လောကုတ္တရာသီလသည် အနုပ္ပန္န။

သမာဓိသည် လောကီသမာဓိ, လောကုတ္တရာသမာဓိ ဟူ၍ နှစ်ပါးရှိ၏။

လောကီသမာဓိသည် ရှေးရှေး၌ ဖြစ်ဘူးပြီးဖြစ်၍ ဥပ္ပန္န။

ပုထုဇဉ်ပုဂ္ဂိုလ်တို့အား လောကုတ္တရာသမာဓိသည် အနုပ္ပန္န။

ပညာသည် လောကီပညာ, လောကုတ္တရာပညာဟူ၍ နှစ်ပါးရှိ၏။

ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ,

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ဟူသော ဝိသုဒ္ဓိလေးပါးသည် လောကီပညာ။

ဤလောကီပညာသည် ရှေးရှေးဘုရားသာသနာတို့၌ ဖြစ်ဘူးသောသူတို့အား

ဥပ္ပန္န။

မဖြစ်ဘူးသောသူတို့အား အနုပ္ပန္န။

ဉာဏဒဿနဝိသုဒ္ဓိသည် လောကုတ္တရာပညာ။

ဤလောကုတ္တရာပညာသည် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား တခါတရံမျှ မဖြစ်ဘူးသေး

သောကြောင့် အနုပ္ပန္န။